# Reviews & Rankings




## အကောင်းဆုံး GPS စက်ကလေးများ

GPS လမ်းညွှန်စက်ကလေးတွေကို နေရာအနှံ့မှာ အလွယ်တကူ တွေ့ရှိနိုင်ပေမယ့် သူတို့ကို ရွေးချယ်ဝယ်ယူဖို့ကတော့ ခေါင်းခဲစေပါတယ်။ ဒါကြောင့် ထိပ်တန်းစရင်းဝင် ပစ္စည်း ၁၀ မျိုးကို ရွေးချယ်ပုံနဲ့တကွ ဖော်ပြလိုက်ပါတယ်။

GPS သီးသန့်လမ်းညွှန်စက်တစ်လုံး ဝယ်ယူဖို့ ရှာဖွေကြည့်မယ်ဆိုရင် ကုမ္ပဏီအမျိုးမျိုးက ထုတ်လုပ်ထားတဲ့ စက်မျိုးစုံကို ကြည့်ပြီး မူးနောက်သွားနိုင်ပါတယ်။ စွမ်းဆောင်ရည်တွေကလည်း အနည်းငယ်စီ ကွဲပြားခြားနားကြပါတယ်။ ဒါကြောင့် မရှိမဖြစ်လိုအပ်တဲ့ လုပ်ဆောင်ချက်တွေနဲ့ ပိုကောင်းတဲ့ စွမ်းပကားတွေကို ခွဲခြားဆုံးဖြတ်ပြီး ရွေးချယ်ရပါမယ်။

ထုတ်လုပ်သူတစ်ဦးတည်းရဲ့ model အမျိုးမျိုးကို နှိုင်းယှဉ်ကြည့်ရုံနဲ့ မလုံလောက်ပါဘူး။ တခြားကုမ္ပဏီတွေရဲ့ model တွေကိုပါ နှိုင်းယှဉ်ကြည့်သင့်ပါတယ်။ တူညီတဲ့လုပ်ဆောင်နိုင်မှုတွေရှိသလို မတူညီမှုတွေကိုပါ ခွဲခြားသိထားမှ ဝယ်ယူရာမှာ အထောက်အကူ ဖြစ်စေပါလိမ့်မယ်။

### Screen အရွယ်အစား

Dashboard ပေါ်က GPS စက်တွေဟာ screen အရွယ်အစား ပိုကြီးလာနေတာ နှစ်အတန်ကြာခဲ့ပါပြီ။ ၃.၅ လက်မ screen တွေ နေရာမှာ ၄.၃ လက်မတွေ အစားထိုးဝင်ရောက်လာပါပြီ။ ၃.၅ လက်မအရွယ်အစား model တွေက အခြေခံအဆင့်မှာပဲရှိပြီး လုပ်ဆောင်ချက်တွေမှာလည်း အကန့်အသတ်ရှိပါတယ်။ ဥပမာ ပြရရင် Magellan RoadMate 3000 တွေက ၄.၇ လက်မ screen ဖြစ်ပြီး RoadMate 5000 ၊ TomTom XXL နဲ့ TomTom GO 2505-TM တွေက ၅ လက်မ screen အရွယ်အစားတွေ ဖြစ်ကြပါတယ်။ ဒီထက်ပိုကြီးတဲ့

အရွယ်အစားကိုလိုချင်ရင် Magellan RoadMate 1700 ရှိပြီး သူက ၇ လက်မ screen နဲ့ ဖြစ်ပါတယ်။

## တိုက်ရိုက်ထုတ်လွှင့်တဲ့ traffic alert များ

Magellan RoadMate ရဲ့ 2000 ၊ 3000 ၊ 5000 ၊ 9000 အုပ်စုတွေနဲ့ model နံပါတ်မှာ T အမှတ်တံဆိပ်ပါတဲ့ Garmin စက်တွေမှာ traffic alert တွေ ပါရှိကြပါတယ်။ ဒီလို ဝန်ဆောင်မှုအတွက် အခကြေးငွေ ပေးစရာမလိုပါဘူး။ ဒါပေမဲ့ ကြော်ငြာတွေ မကြာခဏဖြတ်ဝင်လာတတ်ပါတယ်။ TomTom ရဲ့ T အမှတ်အသားပါ model တွေမှာကျတော့ traffic alert ဝန်ဆောင်မှုတွေအတွက် လစဉ်ကြေး ပေးစရာမလိုသလို၊ ကြော်ငြာတွေကိုလည်း တွေ့ရမှာ မဟုတ်ပါဘူး။

## မြေပုံများ

သုံးစွဲသူတွေဟာ သူတို့အသုံးပြုနေတဲ့ စက်တွေထဲက မြေပုံကို အချိန်နဲ့တပြေးညီ ပြင်ဆင်ပေးထားတာမျိုးကို လိုလားတတ်ကြပါတယ်။ ထုတ်လုပ်သူတွေက ဒါကိုသိနေတာကြောင့် model အများစုမှာ နောက်ဆုံးထုတ်မြေပုံတွေကို အမြဲတမ်းပြင်ဆင်ပေးနေမယ်ဆိုတဲ့ အာမခံချက်တွေနဲ့ ထုတ်လုပ်လာကြပါတယ်။

Garmin နဲ့ Magellan RoadMate စက်တွေမှာ LM အမှတ်အသား၊ TomTom မှာ M အမှတ်အသားတွေဟာ အမြဲတမ်းပြင်ဆင်ပေးမယ်ဆိုတဲ့သဘော ဖြစ်ပါတယ်။ Magellan ရဲ့ MU model ကျတော့ စက်ရဲ့သက်တမ်းအတွင်း တစ်ကြိမ်ပဲ ပြင်ဆင်ပေးမယ်လို့ ဆိုထားပါတယ်။

GPS စက်ကို ဝယ်တော့မယ်ဆိုရင် မိမိအတွက် အသုံးတည့်မယ့် မြေပုံပါမပါ စစ်ဆေးသင့်ပါတယ်။ ဒါကြောင့် ဈေးနှုန်းတွေလည်း ကွာခြားသွားနိုင်ပါတယ်။

## Bluetooth

အကောင်းစားအားလုံးနီးပါးနဲ့ အလတ်စားလမ်းညွှန်စက်အချို့မှာ bluetooth speakerphone ဆက်သွယ်ရေးစနစ် ပါရှိကြပါတယ်။ Garmin လမ်းညွှန်စက်တွေဟာ phone တော်တော်များများနဲ့ လုပ်ဆောင်နိုင်တာအပြင် phone တွေကိုရှာပြီး အလိုအလျောက်ချိတ်ဆက်ပေးတဲ့စနစ် ပါရှိပါတယ်။ TomTom ရဲ့ GO2000 အုပ်စုတွေက Motorola Droid X phone တွေနဲ့ ကောင်းကောင်းမွန်မွန် အသုံးပြုနိုင်ပြီး Magellan မှာလည်း bluetooth လုပ်ဆောင်ချက်ပါရှိပါတယ်။

## Text-to-speech လုပ်ဆောင်ချက်

ဈေးပေါတဲ့အနိမ့်စား model တွေကလွဲလို့ ကျန်တဲ့စက်တွေမှာ ဒီလုပ်ဆောင်ချက် ပါရှိပါတယ်။

## မတူညီတဲ့ စွမ်းရည်များ

ကုမ္ပဏီတွေဟာ သူတို့ထုတ်လုပ်တဲ့စက်တွေမှာ အများနဲ့မတူတဲ့ စွမ်းဆောင်ရည်တွေ ပါရှိစေဖို့ ကြိုးစားဖန်တီးတတ်ကြပါတယ်။ Magellan ကို နမူနာပြရရင် ခလုတ်တစ်ချက်နှိပ်ရုံနဲ့ ရေပန်းစားတဲ့ လုပ်ဆောင်ချက်တွေနဲ့ မှတ်သားထားတာတွေ အလွယ်တကူ ပြန်ရှာနိုင်တဲ့ လုပ်ဆောင်ချက်တွေကို ရရှိစေ တယ်။ တချို့စက်တွေမှာ AAA TourBook နဲ့ မိမိနှစ်သက်ရာ အတိတ်ခရီးစဉ်မှတ်တမ်းနဲ့ ကူးလူးဆက်ဆံမှုပြုစရာ နောက်ဆုံးထုတ်မြေပုံတွေကို အသုံးပြုထားပါတယ်။ Garmin ရဲ့ နောက်ဆုံးထုတ် Nuvi 3790 မှာဆိုရင် အလွန်ပါးလွှာတဲ့ စက်အိမ်နဲ့ 800 x 480 pexel ရှိကာ multitouch ရတဲ့ ဖန်သားပြင်ကိုတွေ့ရပြီး၃ ဖက်မြင် မြေပြင်အနေအထားကိုပါ ပုံဖော်ပြသပေးနိုင်ပါတယ်။ ဖော်ပြပါ ထိပ်တန်းစာရင်းဝင် ပစ္စည်း ၅ မျိုးကို လေ့လာ ဖော်ပြပေးလိုက်ပါတယ်။

## TomTom XXL 550-TM

ကုမ္ပဏီကထုတ်လုပ်လိုက်တဲ့ ၅ လက်မ မြင်ကွင်းနဲ့ ပစ္စည်း ၂ မျိုးထဲက တစ်မျိုးဖြစ်ပါတယ်။ ဈေးနှုန်း ဒေါ်လာ ၂၃၀ သတ်မှတ်ထားပြီး စက်သက်တမ်းကာလအတွင်း မြေပုံကို အမြဲပြင်ဆင်ပေးနေမှာဖြစ်ပြီး live traffic alert ထည့်သွင်းပေးထားပါတယ်။ တခြားလုပ်ဆောင်ချက်တွေအနေနဲ့ IQRoutes နည်းပညာ၊ စိတ်ဝင်စားစရာနေရာ ၇ သန်းလောက်ပါရှိတဲ့ database နဲ့ စာတွေကို အသံထွက်ဖတ်ပေးတဲ့ စနစ်တို့




ကြီးမားတဲ့ ၅ လက်မအရွယ် screen နဲ့ TomTom XXL 550-TM

ပါရှိပါတယ်။

Map view ကို tap လုပ်လိုက်ရင် main menu ပွင့်လာပါမယ်။ အဲဒီမှာ Plan Route နဲ့ Browse Map ဆိုတဲ့ icon ၂ ခု တွေ့ရပါမယ်။ Plan Route မှာ မိမိခရီးစဉ်ရဲ့အစကို သတ်မှတ်နိုင်ပြီး မိမိလက်ရှိရောက်နေတဲ့နေရာကိုလည်း မြေပုံပေါ်မှာ ထောက်ပြီး သတ်မှတ်နိုင်ပါတယ်။ ဒါ့ပြင် home ၊ favorite ၊ address ၊ recent desination နဲ့ POI စတာတွေကို ရွေးချယ်ပြီး လမ်းညွှန်နိုင်တဲ့အပြင် မြို့နာမည်အစား zip code ပေးပြီး မြို့နာမည် ရှာဖိုင်းနိုင်ပါတယ်။

Main menu ကနေတစ်ဆင့် ညဖက်အရောင်ပြောင်းတာ၊ အသံပိတ်တာ၊ ပိုပြည့်စုံတဲ့ help ကို အသုံးပြုတာတွေ ပြုလုပ်နိုင်ပါတယ်။ Help icon နှိပ်လိုက်ရင် မိမိရဲ့ တည်နေရာကို မြေပုံပေါ်မှာ လတ္တီတွဒ်၊ လောင်ဂျီတွဒ်အလိုက် ပြသပေးပါလိမ့်မယ်။

XXL 550-TM စက်ရဲ့ အဓိကပံ့ပိုးမှုက ခရီးလမ်းကြောင်းနဲ့ မြေပုံတွေအပြောင်းအလဲကို စက်ရဲ့သက်တမ်းကာလ တစ်လျှောက်လုံး ပြင်ဆင်ပေးနေတာပဲဖြစ်ပါတယ်။ ဒါကြောင့် ဦးနှောက်ခြောက်မခံလိုသူတွေ နှစ်သက်ကြမယ့်စက်မျိုးဖြစ်ပါတယ်။

## TomTom XL 350-TM

၄.၃ လက်မအရွယ် touch screen အမျိုးအစား ဖြစ်ပြီး ရောင်းဈေးက ဒေါ်လာ ၁၇၀ ဖြစ်ပါတယ်။ လက်ရှိ TomTom လမ်းညွှန်စက်တွေနဲ့ နောက်လာမယ့်စက်တွေထက် ဈေးချိုပြီး



ပုံမှန် ၄.၃ လက်မအရွယ် screen နဲ့ TomTom XL 350-TM

လူကြိုက်များပါတယ်။ လမ်းညွှန်မြေပုံကို သက်တမ်းတလျှောက် အခမဲ့ပြင်ဆင် ဖြည့်စွက်ပေးနေမှာပါ။ IQRoutes နည်းပညာ၊ စိတ်ဝင်စားစရာနေရာ ၇ သန်းပါ အချက်အလက်တွေနဲ့ စာတွေကို အသံထွက် ပေးတဲ့စနစ် စတာတွေ ပါရှိပါတယ်။ XXL 550 အုပ်စုတွေလိုပဲ operating system အသစ်ကို upgrade လုပ်နိုင်ကာ main menu ကနေပြီး အသံထိန်းချုပ်မှု၊ နေ့၊ ည အလင်းရောင် ထိန်းချုပ်မှုတွေကို တိုက်ရိုက်လုပ်ဆောင်နိုင်ပါတယ်။

Change route အောက်မှာ ခရီးစဉ်တွေအကြောင်း အကျဉ်းဖော်ပြချက်တွေ ထည့်ပေးထားတာကြောင့် မိမိသွားလိုရာ ခရီးလမ်းကြောင်းကို ညှိနှိုင်းစီစဉ်နိုင်ပါတယ်။ XL 350 ဟာ အသုံးပြုသူတွေအတွက် လွယ်ကူရှင်းလင်းအောင် ပြုလုပ်ထားပြီး XL 340 ထက် ပိုမိုစွမ်းဆောင်နိုင်ပါတယ်။ မြင်ကွင်း



လုပ်ဆောင်ချက်အစုံပါတဲ့ navigation ကိရိယာ TomTom GO 2505-TM

၃ ခုကို menu ကနေပြီး ရွေးချယ်နိုင်ပါတယ်။ ဒါပေမဲ့ Bluetooth phone ဆက်သွယ်ရေးတော့ မပါပါဘူး။

## TomTom GO2505-TM

ပါးလွှာတဲ့ကိုယ်ထည်ရှိပြီး လမ်းညွှန်စက်တွေမှာရှိသင့်တဲ့ အရည်အသွေးအားလုံးနီးပါးနဲ့ ပြည့်စုံပါတယ်။ ဈေးနှုန်း ဒေါ်လာ ၃၂၀ သတ်မှတ်ထားပြီး TM အမှတ်အသားကြောင့် မြေပုံနဲ့ လမ်းသတိပေးချက်တွေ အမြဲဆန်းသစ် ပြင်ဆင်ပေးနေမယ်လို့ သိရှိနိုင်ပါတယ်။ ကြော်ငြာတွေ ဝင်ရောက်နှောင့်ယှက်မှု ကင်းရှင်းတာကြောင့် ပိုပြီးသဘောကျပါလိမ့်မယ်။

လုံခြုံမှုရှိပြီး အသုံးပြုရလွယ်ကူစေမယ့် အစီအမံတွေ ပါရှိပါသေးတယ်။ လေစုပ်ခွက်နဲ့ dashboard တို့ ၊ လေကာမှန်တို့မှာ တပ်ဆင်ထားနိုင်ပါတယ်။ အသုံးပြုရလွယ်ကူစေဖို့ ပုံစံကို ပြင်ဆင်ထားပါတယ်။ လုပ်ဆောင်ချက်တွေအတွက် menu tap အရေအတွက် လျော့ချထားနိုင်တဲ့အပြင် အသုံးပြုသူက ကိုယ်ပိုင် menu ဖန်တီးနိုင်ပါတယ်။

မိမိသွားလိုရာ ခရီးလမ်းကြောင်းကို ကြိုတင်ရွေးချယ်ပြီး၊ သွားနေချိန်မှာလည်း လမ်းမှန်၊ မမှန်ဆိုတာ စစ်ဆေးနိုင်ပါ

တယ်။ Screen ပေါ်ကို မြေပုံ ၂ ခု ခေါ်တင်ပြီး ယှဉ်ကြည့်နိုင်တဲ့အပြင် ပုံကြီးချဲ့ပြီးလည်းကြည့်နိုင်ပါတယ်။ တချို့ menu တွေကို iPhone ပုံစံ ဘယ်ညာ swipe လုပ်ပြီးကြည့်နိုင်ပါတယ်။ Bluetooth ကို Droid X နဲ့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကြားနေရတဲ့ callအရည်အသွေးက ၂ ဖက်စလုံးမှာ တော်တော်ကောင်းပါတယ်။ လိပ်စာတစ်ခုကို navigate လုပ်ဖို့ကတော့ type ရိုက်ထည့်ပေးရပါမယ်။ GO2505-TM မှာကျတော့ အသံနဲ့ ပြောဆို ညွှန်ကြားနိုင်ဖို့ ညွှန်ကြားချက်ပေါင်း ၁၃၀ ခန့် ထည့် သွင်းပေးထားပါတယ်။

## Garmin Nuvi 3790T

Screen အရွယ်က ၄.၃ လက်မဖြစ်ပြီး resolution က 800 x 480 ရှိတဲ့ touchscreen ဖြစ်ပါတယ်။ ပုံရိပ်တွေက စက်အနေအထားကိုလိုက်ပြီး အလိုအလျောက် လှည့်ပြောင်းပေးပါတယ်။ ရောင်းဈေးက ဒေါ်လာ ၄၅၀ ဖြစ်ပြီး စက်ကလေးရဲ့ အရွယ်အစားက 4.8" x 2.9" x 0.35" ရှိတာမို့ အပါးလွှာဆုံးအမျိုးအစားဖြစ်ပါတယ်။ Speaker တပ်တဲ့ဘေးဘောင်တွေမပါဘဲ အလေးချိန် ၄.၁ အောင်စရှိပါတယ်။ Power နဲ့ အချက်အလက်တွေကို ဒီဘောင်တွေကနေတစ်ဆင့် ပို့ပေးပါတယ်။



ဈေးအကြီးဆုံးဖြစ်တဲ့ Garmin Nuvi 3790 T

Navteq ခရီးလမ်းကြောင်းတွေကို စက်သက်တမ်း တစ်လျှောက် အသစ်ပြောင်းလဲပေးပေမယ့် မြေပုံတွေကျတော့ ဒီအခွင့်အရေးမျိုး မရနိုင်ပါဘူး။ ကြော်ငြာတွေလည်း ဝင်လာနိုင်ပါသေးတယ်။ QWERTY နဲ့ ABC keyboard ၂ မျိုးကို ရွေးချယ်သုံးနိုင်တယ်။ POI database ကို သုံးပြီး လမ်းကြောင်းတွေကို လမ်းဆုံတွေကနေပြီး လမ်းခွဲတွေအလိုက် မြင်ရနိုင်တယ်။ EcoRoute သုံးပြီး အချိန်ကုန်၊ ဆီကုန်သက်သာတဲ့လမ်းကြောင်းကို ရွေးချယ်နိုင်တယ်။ နိုးစက်နာရီ၊ ဂဏန်းပေါင်းစက်၊ ကမ္ဘာ့အချိန်ပြနာရီ၊ ဓာတ်ပုံတွေဖွင့်ကြည့်တာ၊




လုပ်ဆောင်ချက်တွေလည်း ပါဝင်ပြီး ဈေးမကြီးတဲ့ Garmin Nuvi 1350 T

အတိုင်းအတာ အချိန်အတွယ်ပြောင်းပေးတာ စတဲ့ စနစ်တွေ ထည့်ပေးထားပါတယ်။

3D ပုံစံနဲ့ လမ်းကြောင်းကို ပုံဖော်ပေးနိုင်ပြီး TrafficTrends နဲ့ MyTrends လို့ခေါ်တဲ့ NuRoute နည်းပညာ ၂ ခုလည်း ရှိပါသေးတယ်။ လေ့ကျင့်မထားဘဲ မိမိရဲ့အသံကို စက်ကနားလည်နိုင်စွမ်းရှိပြီး Bluetooth phone ဆက်သွယ်ရေးကလည်း အစွမ်းထက်လှတာ တွေ့ရပါလိမ့်မယ်။

## Garmin Nuvi 1350T

ဒေါ်လာ ၁၇၀ ပေးရတဲ့ ဒီစက်လေးဟာ ဒေါ်လာ ၂၈၀ ပေးရတဲ့ 1370T ထက် စွမ်းရည် ၂ မျိုးလောက် လျော့နည်းနေပြီး မြေပုံတွေမှာ အဓိကကွာသွားပါတယ်။ Bluetooth phone ဆက်သွယ်ရေးလည်း မတွေ့ရပါဘူး။

Model နံပါတ်မှာ T အမှတ်အသားပါတာကြောင့် ငွေထပ်ပေးစရာမလိုဘဲ ခရီးလမ်းကြောင်း အပြောင်းအလဲနဲ့ မြေပုံ အပြောင်းအလဲတွေကို အမြဲတမ်း ဆန်းသစ်ပေးနေပါမယ်။ ဒါပေမဲ့ ကြော်ငြာဝင်လာတာကိုတော့ သည်းခံရလိမ့်မယ်။ လမ်းကြောင်းပိတ်နေတာနဲ့စာရင် ကြော်ငြာကိုတော့ လက်ခံရပါလိမ့်မယ်။

Nuvi ရဲ့ 1300 အုပ်စုတွေမှာ CityExplorer မြေပုံဆိုပြီး သက်ဆိုင်ရာမြို့တွေရဲ့ ခြေလျင်လျှောက်လမ်းတွေပါလာတတ်ပါတယ်။ 1350T မှာ Lane Assist ဆိုတာ ထည့်ပေးထားပါတယ်။ Highway လမ်းပေါ်တက်ဖို့နဲ့ highway လမ်းကထွက်ဖို့ မှန်ကန်တဲ့ ညွှန်ကြားမှုတွေရနိုင်ပြီး ဆီကုန်သက်သာစေမယ့် EcoRoute အစီအမံလည်း အသုံးပြုနိုင်တဲ့အပြင် ခရီးဆောင် အတိုအထွာကိရိယာတွေ ထည့်သွင်းပေးထားပါတယ်။ ■

ပုလဲ